# အညွှန်းစံနှုန်းအမှတ်ပေးစနစ်၊ သင်နှင့် သင့်ကျောင်းသားအတွက် မည်သည့်အကျိုးကျေးဇူးရှိသနည်း

အများသုံးအမှတ်ပေးစနစ်၊ ရိုးရှင်းမှုရှိသော မိဘများနှင့်ဆက်သွယ်မှု၊ ကျောင်းသားများပေါ် မြင့်မားသည့်မျှော်မှန်းချက်များထားမှု

## စာသင်ကျောင်းတိုင်း – စာသင်ခန်းတိုင်း

| သို့ ဆိုလျှင်…မည်သည့်အရာများ ပြောင်းလဲသွားသနည်း? | |
|---|---|
| **ယခင်က** | **ယခု** |
| • ကျောင်းသားများသည် စာလုံးဖြင့်ဖော်ပြသော ရမှတ်ကို ရရှိကြသည် | • ကျောင်းသားများသည် စံနှုန်းများကို ပိုင်နိုင်မှုပေါ် မူတည်၍ တိုင်းတာ၍ပေးသော အမှတ်ကို ရရှိကြသည် |
| • အိမ်စာများလုပ်ဆောင်ရပြီး ယင်းအတွက် အမှတ်ရကြသည် | • အိမ်စာများကို လေ့ကျင့်ရန်အတွက် လုပ်ဆောင်ရသည် |
| • ကျောင်းသားများ၏သိနားလည်မှုနှင့် လုပ်ဆောင်နိုင်မှုကို နည်းမျိုးစုံဖြင့် ပြသနိုင်သည် | • ကျောင်းသားများ၏သိနားလည်မှုနှင့် လုပ်ဆောင်နိုင်မှုကို နည်းမျိုးစုံဖြင့် ပြသနိုင်သည် |
| • ပညာရေးနှင့် အမူအကျင့်ကို ရောထွေးကာ ပူးတွဲ၍ အမှတ်တစ်ခုတည်းပေးသည် | • ပညာရေးနှင့် အမူအကျင့်ကို ခွဲခြား သီးခြား၍ ဖော်ပြသည် |
| • အမှတ်ပေးမှုစနစ်နှင့် မူဝါဒတို့ ကို ဆရာဆရာမတစ်ဦးတစ်ယောက်က ပြုစုလုပ်ဆောင်ကြသည် | • ခရိုင်တစ်ခုလုံးတွင် အသုံးပြုသော အမှတ်ပေးစနစ် |
| • ကျောင်းစာများလုပ်ဆောင်မှုကို စစ်ဆေးသည့် အဆင့်ရမှတ်စာအုပ် | • စံနှုန်းနှင့်အညီတိုးတက်မှုပေါ်တွင် စစ်ဆေးသည့် အဆင့်ရမှတ်စာအုပ် |
| • အမှတ်ကိုသာ အသားပေးသည့် အမှတ် ၁၀၀ တိုင်းတာမှုစနစ် | • သင်ယူမှုနှင့် အသိပညာ အဆင့်ကို ဖော်ပြသည့် ၄ မှတ် တိုင်းတာမှုစနစ် |

## မည်သည့်အရာက ပိုအဓိပ္ပါယ်ရှိသနည်း?

***သင်သည် ကိုယ်ကာယကျန်းမာရေးစစ်ဆေးရန်အတွက် ဆရာဝန်ထံ သွားရောက်သည်။***

*သုံးရက်ကြာသောအခါ ဆေးစစ်ချက်အဖြေများပါသည့် စာရောက်လာသည်။ သင့်အတွက် မည်သည့်အရာက ပိုအကူအညီဖြစ်စေမည်နည်း။*

**ကျန်းမာရေးစစ်ဆေးမှု၊** အဆင့် B
**မှတ်ချက်၊** သင် ကျန်းမာရေး ကောင်းပါသည်။

**ကျန်းမာရေးစစ်ဆေးမှု၊** အဆင့် B
**မှတ်ချက်၊** သင့်ကျန်းမာရေးစစ်ဆေးမှုအဆင့်ကို အောက်ပါအချက်လေးချက်ပေါ် မူတည်၍ ဆုံးဖြတ်ပါသည်၊

| | | | |
|---|---|---|---|
| ✓ | အဟာရ၊ | ၃ | *သတ်မှတ်ချက်နှင့်ကိုက်ညီသည်* |
| ✓ | ကိုလက်စထရောဓာတ်၊ | ၄ | *သတ်မှတ်ချက်ထက် ကျော်လွန်သည်* |
| ✓ | သွေးအား၊ | ၃ | *သတ်မှတ်ချက်နှင့်ကိုက်ညီသည်* |
| ✓ | **လေ့ကျင့်ခန်း၊** | ၁ | ***သတ်မှတ်ချက်နှင့်ကိုက်ညီသည့် လုံလောက်သော တိုးတက်မှု မရှိပါ*** |

အထက်ပါကျန်းမာရေးစစ်ဆေးမှုတွင် ညာဖက်ခြမ်း၌ ဖော်ပြထားသော အချက်အလက်များသည် သင့်ကျန်းမာရေးနှင့်ပတ်သက်သော အဓိကကျသည့် အသေးစိတ်အချက်အလက်များကို ဖော်ပြပေးသည်။ ဤအချက်အလက်များက အနာဂတ်တွင် သင့်ကျန်းမာရေးနှင့်ပတ်သက်၍ တိုးတက်အောင် မည်သို့ လုပ်ဆောင်ရမည်ကို ဆုံးဖြတ်ရာတွင် အကူအညီဖြစ်စေပါလိမ့်မည်။

**အညွှန်းစံနှုန်းအမှတ်ပေးစနစ်သည် သင်နှင့် သင့်ကျောင်းသားအတွက် အကူအညီဖြစ်မည့် ဤကဲ့သို့ သော ရှင်းလင်းဖြတ်သားသည့် အဆက်သွယ်မှုမျိုးကို ပေးမည်ဖြစ်ပါသည်။**

| သို့ ဆိုလျှင်…နံပါတ်များက မည်သည့်အဓိပ္ပါယ်ရှိသနည်း? | |
|---|---|
| နံပါတ်များကို ကောင်းစွာနားလည်အောင် တိုင်းတာမှုစနစ်က မည်သို့ ကူညီပေးနိုင်ကြောင်း '**လေ့ကျင့်ခန်း**' ဥပမာကို အသုံးပြု၍ လေ့လာကြည့်ကြစို့၊ | |
| ၄ – သာလွန်သည် | • လူတစ်ယောက်သည် လေ့ကျင့်ခန်းကို မျှော်မှန်းထားသည်ထက် အကြိမ်ရေ ပို၍လုပ်ဆောင်သည်၊ အားကျိုးမာန်တက်လုပ်ဆောင်သည်၊ အမျိုးစုံသော လေ့ကျင့်ခန်းကို လုပ်ဆောင်သည်။ |
| ၃ – ပြည့်မီကိုက်ညီသည် | • လူတစ်ယောက်သည် တစ်ပတ်လျှင် ၄-၅ ကြိမ်ခန့် လေ့ကျင့်ခန်းလုပ်ဆောင်သည်။<br>• လေ့ကျင့်ခန်းလုပ်နေချိန်၌ နှလုံးခုန်နှုန်းသည် သတ်မှတ်ထားသည့်အဆင့်တွင် တစ်သမတ်တည်းရှိနေသည်။<br>• နှလုံး နှင့် အားစိုက်မှု လေ့ကျင့်ခန်းနှစ်မျိုးလုံးပါဝင်သည်။ |
| ၂ – တိုးတက်မှုရှိသည် | • လူတစ်ဦးသည် တစ်ပတ်လျှင် ၂-၃ ကြိမ်ခန့် လေ့ကျင့်ခန်းလုပ်သည်။<br>• နှလုံးခုန်နှုန်းသည် သတ်မှတ်ထားသည့်အဆင့်သို့ ရောက်ခါနီးဖြစ်သည် သို့ မဟုတ် တခါတရံရောက်သည်။<br>• နှလုံး သို့ မဟုတ် အားစိုက်မှု လေ့ကျင့်ခန်းများပါဝင်သည်။ |
| ၁ – လုံလောက်သော တိုးတက်မှုမရှိပါ | • လူတစ်ဦးသည် အဆင့် ၂ ပါ အချက်အလက်များနှင့် ပြည့်မီကိုက်ညီခြင်းမရှိပါ။ |

**နောက်ထပ်သိလိုပါသေးသလား?** →

ဒီမောရိစ် လူထုစာသင်ကျောင်းသည် ပိုမိုအကူအညီဖြစ်စေမည့်ပုံစံဖြင့် တိုးတက်မှုအား ဖော်ပြအကြောင်းကြားခြင်းကို ပြောင်းလဲဖို့ စတင်လုပ်ဆောင်လျက်ရှိသည်။ ယခင်က မမြင်ဖူးသည့်အရာများကို မြင်တွေ့ နေရသည့်အတွက် ဤပြောင်းလဲမှုများသည် "ကူညီမှု"မဖြစ်သည့်ပုံပေါက်နေသော်လည်း ပြောင်းလဲမှုများ မည်သို့ ဖြစ်ပျက်လျက်ရှိသည်ကို ကြည့်ရှုကြစို့ ...

ယခင်က သင့်ကျောင်းသားသည် သင်တန်းကာလတိုင်းအတွက် စာလုံးဖြင့်ဖော်ပြသော အဆင့်များကို ရရှိလေ့ရှိသည်။ စာလုံးဖြင့်ဖော်ပြသော အဆင့်များသည် ကျောင်းတွင် ကျောင်းသားများ အခြေအနေမည်သို့ ရှိကြောင်း ဖော်ပြရန်အတွက် ရည်ရွယ်သော်လည်း ဤအဆင့်၏နောက်ကွယ်၌ရှိသည့်အရာများကို တူးဖော်လေ့လာကြည့်လိုက်သောအခါ စာလုံးဖြင့်ဖော်ပြသည့်အဆင့်နှင့်ပတ်သက်၍ တကယ့်အဓိပ္ပါယ်သည် ကျောင်းတစ်ကျောင်းနှင့် တစ်ကျောင်း သို့ မဟုတ် ဘာသာရပ်တစ်ခုနှင့် တစ်ခု သို့ မဟုတ် စာသင်ခန်းတစ်ခုနှင့် တစ်ခုပင်လျှင် လိုက်လျောညီထွေမှုမရှိသလောက်ဖြစ်ကြောင်း ကျွန်ုပ်တို့ တွေ့ ရှိရသည်။ သင့်ကျောင်းသားရရှိသော အဆင့် 'B' သည် ထိုသင်တန်းကာလအတွင်းရရှိနိုင်သော စုစုပေါင်းအမှတ်များမှ ၈၀-၈၉% ရရှိမှုအတွက် ပေးသောအဆင့်လော။ စာတစ်ခုကို နောက်ကျ၍အပ်ခဲ့ခြင်းကြောင့်သာမဟုတ်လျှင် သူမသည် 'A' အဆင့်ကျောင်းသားဖြစ်နိုင်သလော။ သူ၏စာများအားလုံးကို အချိန်မီပြီးအောင်လုပ်လေ့ရှိသလော။ သူမသည် စာသင်ခန်းအတွင်း အကူအညီပေးတတ်လေ့ရှိသလော။ ဤအကြောင်းအရာမျိုးစုံတို့ သည် ယခင်က ကျောင်းသားတစ်ဦး သင်တန်းကာလအတွင်း သူရရှိသည့် စာလုံးဖြင့်ဖော်ပြသောအဆင့်ကို မည်သည့်အတွက်ရရှိကြောင့် ဖော်ပြသည့်အချက်များဖြစ်သည်။ ထိုအချက်များအားလုံးအပြင် ကျောင်းခရိုင်တွင်းတလျှောက် အမှတ်ပေးတိုင်းတာမှုစနစ်များလည်း မျိုးစုံကွဲပြားသေးသည်။ ကျောင်းတစ်ကျောင်းထဲတွင်ပင် ကွဲပြားသည့်တိုင်းတာမှုစနစ် ၁၀ ခုအထိ ရှိတတ်ပေသည်!

စာလုံးဖြင့်ပေးသော အဆင့်မှ ကျွန်ုပ်၏ကျောင်းသားသည် မည်သည့်အရာများတွင် ကောင်းစွာလုပ်ဆောင်နိုင်သည်၊ မည်သည့်အရာများတွင် ထပ်ကြိုးစားရန်လိုအပ်သေးသည်ဟူသည့်အရာများကို အတိအကျသိရှိရန် ခက်ခဲသည်။ သင်တန်းကာလအဆုံးတွင်ရသော အဆင့် 'B'က ကျောင်းသားတစ်ဦးသည် အပိုင်းဂဏန်းတွင် ကောင်းစွာလုပ်ဆောင်နိုင်သော်လည်း ဒသမကိန်းနှင့် ရာခိုင်နှုန်းများ တွက်ချက်ရာတွင် အခက်အခဲရှိနေသေးကြောင်း ဖော်ပြနိုင်ခြင်းမရှိပေ။ ထိုအရည်အချင်းများသည် သင်္ချာဘာသာရပ်နှင့် ကျောင်းပြီးနောက် ဘဝအတွက် အရေးကြီးသောအရည်အချင်းများဖြစ်သည်။

အမှတ်ပေးရာတွင် "အညွှန်းစံနှုန်း" စနစ်သို့ ကျွန်ုပ်တို့ ပြောင်းလဲလိုက်သောအခါ သင်၏ကျောင်းသားသည် တိကျသောအကြောင်းအရာတစ်ခုနှင့်ပတ်သက်၍ ကောင်းစွာလုပ်ဆောင်နိုင်မှုရှိမရှိနှင့် ဘာသာရပ်တစ်ခုစီနှင့်ပတ်သက်သည့်အရည်အသွေးများကို တွေ့ မြင်ရဖို့ မျှော်လင့်နိုင်ပေသည်။ ဤ "စံနှုန်းများ" သည် ဘာသာရပ်တိုင်းအတွက် ဖြစ်ပြီး ယင်းတို့ သည် အတန်းအဆင့်အရ ကျောင်းသားတိုင်းသိရမည့်၊ လုပ်နိုင်ရမည့် ပြည်နယ်တစ်ခု၏အခြေခံဘောင်ဖြစ်သော အိုက်အိုဝါပြည်နယ်၏ ပင်မစံနှုန်းမှ ဆင်းတက်လာခြင်းဖြစ်သည်။

ကျောင်းသားများ စံနှုန်းအသစ်ကို စတင်သင်ယူလုပ်ဆောင်သောအခါ ဆရာများသည် လုပ်ဆောင်မှု၏*စတင်မှု*နှင့် *ဖွံ့ဖြိုးမှု* အား အမှတ် ၁ နှင့် ၂ ကို အသုံးပြုကာ ကြည့်ရှုစစ်ဆေးပြီး တိုးတက်မှုကို ဖော်ပြသွားပါမည်။ လေ့ကျင့်မှုအချို့ ကို လုပ်ဆောင်စေခြင်းဖြင့် ကျောင်းသားများသည် သူတို့ အတန်းအဆင့်အတွက် မျှော်မှန်းထားသည့် (စံနှုန်းနှင့် ပြည့်မီကိုက်ညီသည့်) လုပ်ဆောင်မှုဖြစ်သော အဆင့် ၃ လုပ်ဆောင်မှုကို လုပ်ဆောင်ကြပါမည်။ ရံဖန်ရံခါ မျှော်မှန်းထားသည့်အတန်းအဆင့်ထက်ကျော်လွန်သော အဆင့် ၄ လုပ်ဆောငမှုများကိုလည်း ကျောင်းသားများ လုပ်ဆောင်ကြပါမည်။ ကျောင်းသားအားလုံးအား အဆင့် ၄ လုပ်ဆောင်မှုများကို လုပ်ဆောင်ရန် အားပေးကူညီမှုများ ပေးသွားပါလိမ့်မည်။ သုံးလပတ်ကုန်ဆုံးသောအခါတိုင်း သင်ကြားထားသည့် အကြောင်းအရာတိုင်းအတွက် ရမှတ်များကို အောင်စာရင်းတွင် ဖော်ပြပေးသွားပါမည်။

ပညာရေးရမှတ်များအပြင် နိုင်ငံသားနှင့် အလုပ်အကိုင်နှင့်စပ်လျဉ်းသော အရည်အသွေးအတွက် ရမှတ်များကိုလည်း သင်တွေ့ ရပါလိမ့်မည်။ ဆရာများသည် အများသုံးကျင့်စဉ်ကိုအသုံးပြု၍ ကျောင်းသားများ၏ **သင်ယူမှု၊ အလုပ် လုပ်ဆောင်ပြီးမြောက်မှု၊ အခြားကျောင်းသားများနှင့် လက်တွဲလုပ်ဆောင်မှု၊ လူကြီးများနှင့် လက်တွဲလုပ်ဆောင်မှု**များကို ဖော်ပြပေးသွားပါမည်။ ဤအရည်အသွေးများကို ခွဲခြားဖော်ပြပေးခြင်းဖြင့် ဤအရည်အသွေးများသည် အရေးကြီးသော်လည်း ပညာရေးအဆင့်များအပေါ် ထိခိုက်မှုမရှိကြောင်း ကျောင်းသားများကို သိရှိစေသည်။

ဤအရာများအားလုံးက သင့်ကို မည်သို့ ကူညီမှုဖြစ်စေမည်နည်း။ ဤအရာများက ကျောင်းတွင် ကျောင်းသားများ မည်သည့်လုပ်ဆောင်မှုများကို လုပ်ဆောင်နေရကြောင်း သင့်ကျောင်းသားနှင့် ဆွေးနွေးပြောဆိုနိုင်ရန်၊ သူတို့ ၏တိုးတက်မှုကို အချိန်တိုအတွင်း ရယူကြည့်ရှုနိုင်ရန် ကူညီပေးပါလိမ့်မည်။ ယင်းက ကျောင်းသားများ နောက်အဆင့်တစ်ခုသို့ တက်ရောက်ဖို့ မည်သည့်အရာကို သိရန်နှင့် လုပ်ဆောင်နိုင်ရန် လိုအပ်ကြောင်း ဖော်ပြပေးပါလိမ့်မည်။ သင့်ကို နားလည်အောင်ကူညီပေးသည့်အကြောင်းအရာများသည် သူတို့ ၏ဆရာများကိုလည်း အကူအညီဖြစ်စေပါသည်။ ဆရာများသည် ကျောင်းသားများ၏တိုးတက်မှုပေါ် မူတည်၍ အုပ်စုဖွဲ့ ကာ လုပ်ဆောင်ဆောင်စေခြင်းဖြင့် အရည်အသွေးများရှိကြောင်း ပြသပြီးဖြစ်သည့် သားကျောင်းသားများကို ပြန်သင်ကြားရခြင်းမျိုး လုပ်စရာမလိုတော့ပေ။

ကျွန်ုပ်တို့ ၏ဝက်ဘ်ဆိုက်ဒ်ဖြစ်သော http://grading.dmschools.org တွင် ကျေးဇူးပြု၍ လာရောက်ကြည့်ရှုပါ။ မိဘဟူသည့် အပိုင်းကိုနှိပ်ပြီး မေးတတ်လေ့ရှိသည့်မေးခွန်းများနှင့် အခြားထောက်ကူမှုများကို ကြည့်ရှုနိုင်သည်။ သင့်တွင် အခြားမေးစရာများရှိပါကလည်း သင့်ကျောင်းကို ဆက်သွယ်ရန် မတွန့် ဆုတ်ပါနှင့်။

**ပြောင်းလဲမှုများနှင့်ပတ်သက်သည့် အချိန်ဇယား**

| ၂၀၁၂-၂၀၁၃ | ၂၀၁၃-၂၀၁၄ | ၂၀၁၄-၂၀၁၅ | ၂၀၁၅-၂၀၁၆ | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ |
|---|---|---|---|---|---|
| ခရိုင်အလုပ်အမှုဆောင်အဖွဲ့ (ဆရာများ၊ဦးစီးမှူးများ နှင့် အထောက်အကူပြုသူများဖြင့်ပါဝင်ဖွဲ့ စည်းထားသည်) | အလယ်တန်းကျောင်းများတွင် တစိတ်တပိုင်း သွတ်သွင်းခြင်း (အလယ်တန်းကျောင်းတိုင်းမှခေါင်းဆောင်ဆရာမ ၅ ဦးစီပါဝင်သည်) | အလယ်တန်းကျောင်းတွင် အပြည့်အဝသွတ်သွင်းခြင်း နှင့် ၉ တန်းဘာသာရပ်များကို ရွေးချယ်ခြင်း<br><br>မူလတန်းအလုပ်အမှုဆောင်အဖွဲ့ | ဤစနစ်သည် ကျောင်းသားများနှင့်အတူ အထက်တန်းအထိ လိုက်ပါသွားမည် →<br><br>၄ နှင့် ၅ တန်းတွင် စတင်၍ တစိတ်တပိုင်းသွတ်သွင်းခြင်း | ၄ နှင့် ၅ တန်းတွင် အပြည့်အဝသွတ်သွင်းခြင်း (သင်္ချာ၊ စာရေးစာဖတ်၊ လူမှုရေး)<br><br>သူငယ်တန်းမှ ၃ တန်းတွင် စတင်၍ တစိတ်တပိုင်းသွတ်သွင်းခြင်း (သင်္ချာနှင့် စာရေးစာဖတ်)<br><br>သူငယ်တန်းမှ ၅ တန်းတွင် ပန်းချီပန်းပု၊ တေးဂီတ၊ ကာယဘာသာရပ်တို့ ကို အပြည့်အဝသွတ်သွင်းခြင်း | မူလတန်းမှ ၅ တန်းတွင် ဘာသာရပ်အားလုံးအား အပြည့်အဝသွတ်သွင်းခြင်း |